## Goethe-Institut မြန်မာစာကြည့်တိုက်၏ လိုက်နာရမည့် စည်းကမ်းများ

Goethe-Institut မြန်မာ၏ စာကြည့်တိုက်ကို မည်သူမဆို အခမဲ့ ဝင်ရောက် လေ့လာနိုင်ရန်အတွက် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။
စာကြည့်တိုက်မှ စာအုပ်များ၊ အခွေများ ငှားရမ်းအသုံးပြုနိုင်ရန်အတွက် သက်တမ်းရှိသော အသင်းဝင်ကတ် လိုအပ်ပါသည်။ သင်၏ ID ကတ်ကို Goethe-Institut မြန်မာတွင် ပြသပြီး စာကြည့်တိုက် အသင်းဝင်ကတ်ကို လျှောက်ထားထုတ်ယူနိုင်ပါသည်။ သုံးစွဲသူများ၏ ကိုယ်ရေးအချက်အလက်များကို ဂျာမနီနိုင်ငံတွင်ရှိသည့် Goethe-Institut ၏ ကိုယ်ပိုင် Server တွင်သာ သိမ်းဆည်းထားမည်ဖြစ်ပြီး စာကြည့်တိုက် အသုံးပြုမှု၊ ဖွံ့ဖြိုးမှုနှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ သုံးစွဲခွင့်အား ရပ်ဆိုင်းမှုများ အတွက်သာ အသုံးပြုသွားမည် ဖြစ်ပါသည်။ သိမ်းဆည်းထားသည့် ကိုယ်ရေးအချက်အလက်များကို အစိုးရ (သို့) အခြားပုဂ္ဂလိကအဖွဲ့အစည်းများသို့ လုံးဝပေးအပ်သွားမည် မဟုတ်ပါ။

**၁။ စာကြည့်တိုက်အသင်းဝင်ကတ်နှင့် အသင်းဝင်မှတ်ပုံတင်ခြင်း။**

စာအုပ်များ၊ အခွေ (CD,DVD) များ၊ **Board Game**များ ငှားရမ်းရန်၊ **Wifi** အသုံးပြုရန် နှင့် **PS5** ကစားရန် အတွက် အသင်းဝင်ကတ် လိုအပ်ပါသည်။ Goethe-Institut ၏ ကျောင်းသူ/သား မဟုတ်သော ပြင်ပလျှောက်ထားသူ မြန်မာနိုင်ငံသားများအတွက် နှစ်စဉ်ကြေး (၆၀,၀၀၀ကျပ်)၊ နိုင်ငံခြားသားများအတွက် နှစ်စဉ်ကြေး (၁၂၀,၀၀၀ကျပ်) သတ်မှတ်ထားပြီး ငှားရမ်းမှု (၁) ကြိမ်လျှင် အများဆုံး စာအုပ်/မဂ္ဂဇင်း (၃) အုပ်နှင့် အခွေ (CD,DVD)/Board game (၂) ခု ငှားရမ်းခွင့်ရှိမည် ဖြစ်သည်။ Goethe-Institut မြန်မာ၏ ကျောင်းသူ/သားများသည် သင်တန်း တက်ရောက်နေစဉ်အတွင်း အသင်းဝင်ကတ်ကို အခမဲ့ လျှောက်ထားနိုင်မည်ဖြစ်သည်။

**အသင်းဝင်ကတ်လျှောက်ထားရန် လိုအပ်ချက်များ**

- အသက် (၁၂) နှစ်အောက် ကလေးများအတွက် မိဘတစ်ဦးမှ လာရောက်၍ အသင်းဝင်ကတ် (အခမဲ့) ကို လျှောက်ထားပေးရမည်။
- မြန်မာနိုင်ငံတွင်နေထိုင်သူ ဖြစ်ရမည်။
- လက်ရှိကိုင်ဆောင်ထားသော ID ကတ် တစ်ခုခုကို ပြသရန်လိုအပ်ပါသည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့) သက်တမ်းရှိသော Passport (သို့) သက်တမ်းရှိသော ကျောင်းသားကတ်)
- Goethe-Institut မြန်မာ၏ ကျောင်းသားများသည် လက်ရှိတက်ရောက်နေသော အတန်း၏ ကျောင်းအပ်ထားသော အထောက်အထားတစ်ခုကို ပြသရမည်။

GOETHE INSTITUT
Sprache. Kultur. Deutschland.

အသင်းဝင်ကတ်ပါ အချက်အလက်များ ပြောင်းလဲလိုပါက (သို့) အသင်းဝင်ကတ်ပျောက်ဆုံးခြင်းများ ဖြစ်ပေါ်ပါက စာကြည့်တိုက်သို့ အချိန်မီအကြောင်းကြားပေးရန် လိုအပ်ပါသည်။ အသင်းဝင်ကတ် ပျောက်ဆုံးပါက ဝန်ဆောင်ခ (၅,၀၀၀ကျပ်) ပေးသွင်းခြင်းဖြင့် အသင်းဝင်ကတ် အသစ်တစ်ခုကို ပြန်လည်လျှောက်ထားနိုင်ပါသည်။ စာကြည့်တိုက် အသင်းဝင်ကတ် ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်းတို့အတွက် အသင်းဝင်ကတ်ကိုင်ဆောင်သူတွင် အဓိက တာဝန်ရှိသည်။

## ၂။ ငှားရမ်းခြင်း

- စာကြည့်တိုက်အသင်းဝင်ကတ်ကို ပြသမှသာ စာကြည့်တိုက်အတွင်းမှ စာအုပ်များ၊ အခွေများကို ငှားရမ်းခွင့်ရမည်ဖြစ်သည်။
- စာကြည့်တိုက်အသင်းဝင်ကတ်ကို အခြားသူအားလွှဲပြောင်းအသုံးပြုစေခြင်း လုံးဝမပြုရ။
- ငှားရမ်းထားသော စာအုပ်များ၊ အခွေများကို ဂရုတစိုက်ကိုင်တွယ်ရန်နှင့် သတ်မှတ်ထားသော ရက်အတွင်း စာကြည့်တိုက်သို့ ပြန်လည်အပ်နှံခြင်း လုပ်ဆောင်ရန် စာကြည့်တိုက် အသင်းဝင်ကတ် ကိုင်ဆောင်ထားသူတွင် တာဝန်ရှိသည်။
- မိမိငှားရမ်းလိုသော စာအုပ်များ၊ အခွေများကို မငှားမီ သေချာစွာစစ်ဆေးပေးပါရန်နှင့် ပျက်စီးထိခိုက်မှုများတွေ့ရှိပါက စာကြည့်တိုက်မှ တာဝန်ရှိဝန်ထမ်းများအား အသိပေးအကြောင်းကြားပါရန်။ မိမိငှားရမ်းထားသော စာအုပ်နှင့်အခွေများ ပျက်စီး၊ ပျောက်ဆုံးခြင်းများ ဖြစ်ပေါ်ခဲ့ပါက ပျက်စီးဆုံးရှုံးမှုတန်ဖိုးအတိုင်း ပြန်လည်ပေးဆောင်ရမည်ဖြစ်သည်။

**သတ်မှတ်ထားသောငှားရမ်းခွင့်ကာလနှင့် သက်တမ်းတိုးခြင်း**

- စာအုပ်နှင့်အခွေများကို အများဆုံးရက်သတ္တပတ် (၂)ပတ်ထိ ငှားရမ်းနိုင်ပါသည်။

ငှားရမ်းထားသော စာအုပ်နှင့် အခွေများကို အခြားသူမှ ငှားရမ်းလိုကြောင်း ကြိုတင်အကြောင်းကြားထားခြင်း မရှိပါက ထပ်မံ၍ သက်တမ်း (၂) ကြိမ်တိုးခွင့်ရှိပါသည်။ စာကြည့်တိုက်၏ online catalog မှဖြစ်စေ (သို့) email ဖြင့်ဖြစ်စေ (သို့) လူကိုယ်တိုင်လာရောက်၍ဖြစ်စေ သက်တမ်းတိုးခြင်းကို ပြုလုပ်နိုင်ပါသည်။ (Signature 438.3) ကဲ့သို့ စာမေးပွဲအတွက် လေ့လာရသောစာအုပ်များနှင့် မဂ္ဂဇင်းများကို ချွင်းချက်အနေဖြင့် သက်တမ်းတိုးခြင်းကို (၁)ကြိမ်သာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ Board game များကို သက်တမ်းတိုး၍ မရနိုင်ပါ။

GOETHE INSTITUT
Sprache. Kultur. Deutschland.

အစိမ်းရောင် Sticker ဖြင့် အမှတ်အသားပြုလုပ်ထားသော စာအုပ်များကို ရည်ညွှန်းစာအုပ်များအဖြစ် သတ်မှတ်ပြီး ငှားရမ်းခွင့်မရှိပါ။
စာအုပ်များ၊ အခွေများကို ငှားရမ်းရန်အတွက် ကြိုတင်မှာယူလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ Email ဖြင့်ဖြစ်စေ အကြောင်းကြားနိုင်ပါသည်။ Mini-Cinema တွင် PS5 ကစားလိုပါက လူကိုယ်တိုင်ဖြစ်စေ (သို့) Email ဖြင့် ကြိုတင်စာရင်းပေးသွင်းရန် လိုအပ်ပါသည်။

**ရက်လွန်ကြေးပေးဆောင်ခြင်းနှင့် သတိပေးအကြောင်းကြားခြင်း**
ငှားရမ်းထားသော စာအုပ်များ၊ အခွေများကို အချိန်မှီအပ်နှံခြင်း၊ သက်တမ်းတိုးခြင်းများ မပြုလုပ်ထားပါက အမျိုးအစားတစ်ခုအတွက် တစ်ရက်စာလျှင် ရက်လွန်ကြေး (၁,၀၀၀ကျပ်) ကို ပေးဆောင်ရမည်ဖြစ်သည်။ ရက်လွန်ကြေး မပေးဆောင်ပါက ထပ်မံ၍ ငှားရမ်းမှုများ ပြုလုပ်နိုင်မည်မဟုတ်ပါ။ တတိယအကြိမ် သတိပေး အကြောင်းကြားပြီးနောက် ငှားရမ်းထားသော စာအုပ်များ၊ အခွေများ ပြန်လည်အပ်နှံထားခြင်းမရှိပါက ထိရောက်စွာ အရေးယူမည်။

**<u>၃။ မိတ္တူကူးယူခြင်း (နှင့်) မူပိုင်ခွင့်</u>**
မူပိုင်ခွင့်အရ စာအုပ်တစ်အုပ်လုံးဖြစ်စေ၊ အခွေတစ်ခွေလုံးဖြစ်စေ မိတ္တူဆွဲခြင်း၊ ကူးယူခြင်းအား တားမြစ်ထားသည်။ အများပြည်သူအား ပြန်လည်ဖြန့်ချီခြင်း၊ စီးပွားဖြစ် အသုံးပြုခြင်းများအား လုံးဝခွင့်ပြုမည်မဟုတ်ပါ။ အကယ်၍ မူပိုင်ခွင့် ချိုးဖောက်ခြင်းကြောင့် ဖြစ်ပေါ်လာသောပြဿနာများ (သို့) လျော်ကြေးပေးဆောင်ရခြင်း ကိစ္စရပ်များ အတွက် Goethe-Institut မြန်မာမှ တာဝန်ယူမည်မဟုတ်ပါ။

**<u>၄။ တာဝန်ရှိခြင်း</u>**
အသုံးပြုသူကြောင့် ဖြစ်ပေါ်သော စာကြည့်တိုက်အတွင်းရှိ (စာအုပ်၊ အခွေ၊ စက်ပစ္စည်းများ) ထိခိုက်ပျက်စီးခြင်းတို့အတွက် အသုံးပြုသူတွင်သာ တာဝန်ရှိသည်။

GOETHE INSTITUT
Sprache. Kultur. Deutschland.

**<u>၅။ စာကြည့်တိုက်အတွင်း လိုက်နာရမည့်စည်းကမ်းများ</u>**

စာကြည့်တိုက်အတွင်း ဆေးလိပ်သောက်ခြင်း၊ အစားအစာများ၊ အအေးများ ယူဆောင်စားသောက်ခြင်း၊ Mobile ဖုန်းပြောဆိုခြင်း၊ ကျယ်လောင်စွာ စကားပြောဆိုခြင်းတို့အား အထူးရှောင်ကြဉ်ရမည်။ မိမိ၏ကျောပိုးအိတ်၊ plastic အိတ်များကို စာကြည့်တိုက်အဝင်ဝရှိ locker ထဲတွင် လိုအပ်ပါက ထားခွင့်ရှိသည်။ တန်ဖိုးကြီးပစ္စည်းများ locker ထဲတွင် မထည့်မိအောင် အထူးသတိပြုပေးပါရန်နှင့် စာကြည့်တိုက်တွင်း မိမိ၏ ကိုယ်ပိုင်ပစ္စည်းများ ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း တို့သည် မိမိ၏ တာဝန်သာဖြစ်ပြီး စာကြည့်တိုက်မှ တာဝန်ယူမည်မဟုတ်ပါ။

**<u>၆။ Wifi အသုံးပြုခြင်း</u>**

စာကြည့်တိုက်အသင်းဝင်တိုင်း Goethe-Institut မြန်မာ၏ Wifi ကိုအခမဲ့ အသုံးပြုနိုင်ပါသည်။ အသင်းဝင်ကတ် ပြသခြင်းဖြင့် Wifi အသုံးပြုခွင့် Voucher ကို ရရှိမည်ဖြစ်ပြီး အခြားသူများအား လွှဲပြောင်းအသုံးပြုစေခြင်း လုံးဝမပြုရ။ Wifi အသုံးပြုသူအနေဖြင့် မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံမှ ချမှတ်ထားသော ဥပဒေနှင့် မညီညွတ်သည့် တရားမဝင် Download ပြုလုပ်ခြင်း၊ တားမြစ်ထားသော Website များအား ဝင်ရောက်ခြင်းတို့အား ရှောင်ကြဉ်ရမည်။ ဥပဒေချိုးဖောက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အရေးယူမှုများ၊ အကျိုးဆက်များအတွက် Goethe-Institut မြန်မာမှ တာဝန်ယူမည် မဟုတ်ပါ။

စာကြည့်တိုက်အသင်းဝင်ကတ် လျှောက်ထားလိုသူများသည် စာကြည့်တိုက်၏ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို ကြိုတင်သိရှိပြီး သဘောတူလိုက်နာကြောင်း အသင်းဝင်လျှောက်လွှာတွင် လက်မှတ်ရေးထိုးပြီးမှသာ (သို့မဟုတ်) Online Registration ပြုလုပ်ရာတွင် ရရှိသော email တွင် ပါရှိသည့် link ကို နှိပ်ခြင်းဖြင့် စည်းကမ်းချက်များကို သဘောတူလိုက်နာကြောင်း အတည်ပြုပေးပြီးမှသာ စာကြည့်တိုက် အသင်းဝင်ကတ်ကို ရရှိမည်ဖြစ်ပါသည်။ အထက်ပါစည်းကမ်းချက်များကို ချိုးဖောက်ပါက စာကြည့်တိုက်၏ အသင်းဝင်စာရင်းမှ ယာယီ (သို့) အမြဲတမ်း အသုံးပြုခွင့်ကို ပယ်ဖျက်လိုက်မည်ဖြစ်ပြီး ပေးသွင်းထားသော နှစ်စဉ်ကြေးအား ပြန်လည်ထုတ်ယူ ခွင့်ပြုမည် မဟုတ်ပါ။